# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 31, 2020 Volume 27, Number 21


၃၁.၁.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၇၂/ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၅၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၆၅/- ကျပ် |
| CBM Rate | = ၁၄၆၄.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၇၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၄.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၃.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၁.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၅၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၇.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၀၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဆောင်းနှမ်းသစ်ပေါ်ချိန် စမုန်နှမ်းနက်များ ဈေးကောင်းရရှိ

ဆောင်းနှမ်းသစ်ပေါ်ချိန် ဂျပန်နှင့်တရုတ်အကြိုက် အရည်အသွေးကောင်း စမုန်နှမ်းနက်များ ဈေးကောင်းရရှိလာကြောင်း နှမ်းကုန်သည်များထံမှသိရသည်။ "ပြည်ပပို့မယ့်ကုန်သည်တွေက အရည်အသွေးကောင်းတဲ့ ထိပ်စတွေနဲ့ ဂျီအေပီနှမ်းကို ဦးစားပေး ဝယ်ယူတယ်။ အရည်အသွေးကောင်းရင် တစ်အိတ်ကို ကျပ် ၃၀၀၀ က နေ ၄၅၀၀ ကြားလောက် ဈေးပိုရတယ်။ ကျန်တဲ့ အညံ့စားတွေကိုတော့ ဆီကြိတ်ဖို့လောက်ပဲ ဝယ်လိုအားရှိတယ်။ "ဒီနှစ် ဂျီအေပီ နှမ်းတစ်အိတ်ကို ကျပ် ၁၃၀၀၀ လောက်ပိုရလာတယ်။ ဂျပန်ကြိုက် ဂျီအေပီနှမ်းတစ်အိတ်ကို ၂၄၀၀၀၀ ကျော်လောက်ပေါက်တယ်။ ဒါက ဂျပန်အကြိုက်ပဲ။ တရုတ်ကတော့ ဂျီအေပီဆိုတာထက် အရည်အသွေးကောင်းတဲ့နှမ်းကို ဘယ်လိုပဲဖြစ်ဖြစ်ဝယ်ယူတယ်"ဟု အောင်လံမြို့နယ် ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးကပြောသည်။

လက်ရှိ နှမ်းဈေးကွက်အတွင်း နှမ်းနက် (စမုန်)၄၅ပိဿာရှိ တစ်အိတ်လျှင် ကျပ် ၁၉၀၀၀၀ မှ ၂၁၀၀၀၀ ကြား၊ နှမ်းသန့် တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ၊ နှမ်းဖြူ ကျပ် ၁၇၀၀၀၀၊ နှမ်းနီ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ အသီးသီးရှိနေသည်။ မြန်မာသည် နှမ်းထုတ်လုပ်သော ထိပ်တန်းနိုင်ငံများတွင်ပါဝင်ပြီး နှမ်းတင်ပို့သည့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဓာတုပစ္စည်းသုံးစွဲမှု သိသိသာသာလျော့နည်းခြင်းကြောင့် ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့က ကြိုက်နှစ်သက်ကြောင်း မန္တလေးရှိ ဝင်းပွဲရုံပိုင်ရှင် ဦးမြဝင်းကပြောသည်။ "ဂျပန်နဲ့ ကိုရီယားကတော့ နှမ်းမှာ ဓာတု ဓာတ်ကြွင်း ပါဝင်နှုန်း နည်းတာကိုပဲ ဝယ်ယူ တယ်။ သူတို့စံနှုန်းအတိုင်းပဲဝယ်ယူတယ်။ တရုတ်ကတော့ ဘာပဲဖြစ်ဖြစ်အကုန်ဝယ်တယ်။ အခုနောက်ပိုင်းတော့ တရုတ်ကလည်း နည်းနည်းတော့ အရည်အသွေးပိုင်းစိစစ်လာတယ်" ဟု ဦးမြဝင်းကပြောသည်။

မြန်မာ့နှမ်းကို တရုတ်သို့ ၉၀ ရာခိုင်နှုန်း၊ ဂျပန်သို့ ၆ရာခိုင်နှုန်း၊ စင်္ကာပူကို ၃ရာခိုင်နှုန်းတင်ပို့နေပြီး တောင်ကိုရီးယားနှင့် အီယူနိုင်ငံများကလည်း အရည်အသွေးအပေါ်မူတည်၍ ဝယ်ယူနေသည်။ ဂျပန်နိုင်ငံအနေဖြင့် အာဖရိနှင့် မြန်မာမှထွက်ရှိသည့် နှမ်းကို ဦးစားပေးဝယ်ယူ သော်လည်း ဆီထွက်နှုန်းနှင့်အရည်အသွေးပိုကောင်းမွန်သည့် မြန်မာ့နှမ်းနက်ကို ပိုမိုကြိုက်နှစ်သက်ကြောင်းနှင့် လက်ရှိတွင် ပြည်ပသို့ကုမ္ပဏီပေါင်း ၅၀ကျော်ကတင်ပို့လျက်ရှိပြီး ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့်မကွေးတိုင်းတွင် အခြေစိုက်ကြကြောင်းသိရသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## ရာသီဥတုဖောက်ပြန်၍ ဆောင်းငရုတ်သီး အထွက်နှုန်း သုံးပုံနှစ်ပုံကျဆင်း




မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အတွင်း စိုက်ပျိုးသည့် ဆောင်းငရုတ်သီးစိုက်ခင်းများမှာ မိုးခေါင်ခြင်းနှင့် အခါမဲ့မိုးရွာခြင်းတို့ကိုကြုံတွေ့ရပြီး အသီးထွက်နှုန်းများ သုံးပုံနှစ်ပုံခန့် ကျဆင်းသွားကြောင်းသိရသည်။ ယခု ဆောင်းငရုတ်စိုက်ရာသီတွင် ငရုတ်ပင်များ အောင်မြင်နေခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလနှင့် ယခု ဇန်နဝါရီလ ပထမပတ်အတွင်း အခါမဲ့မိုးများ ရွာသွန်းခဲ့ခြင်းကြောင့် ငရုတ်ပင်များနွမ်းခြောက်စပြုလာပြီး အပွင့်များကြွေခြင်း၊ အသီးများပိုးထိုးခြင်းတို့ ကြုံတွေ့ရခြင်းဖြစ်ကြောင်းသိရသည်။

၂၀၁၈ – ၂၀၁၉ ဆောင်းငရုတ်စိုက် ရာသီက ငရုတ်တစ်ပင်လျှင် ၈၀ ကျပ်သားမှ တစ်ပိဿာကြား ထွက်ရှိပြီး တစ်ဧကလျှင် ကျပ် ၁၅ သိန်းမှ ကျပ် ၁၆ သိန်းအထိရရှိခဲ့ကြောင်း ငရုတ်စိုက်သူများကပြောသည်။ ယခု ၂၀၁၉-၂၀၂၀ ဆောင်းငရုတ်စိုက်ရာသီတွင်မူ တစ်ပင်လျှင် ၃၀ ကျပ်သားခန့်သာရရှိပြီး တစ်ဧကလျှင် ကျပ်ခြောက်သိန်းကျော်၊ ခုနစ်သိန်းခန့်သာ ရရှိတော့ကြောင်းသိရသည်။ ငရုတ်အထွက်နှုန်းကျဆင်းသဖြင့် ဈေးနှုန်းမြင့်တက်နေ၍သာ တစ်ဧကကျပ် ခုနစ်သိန်းခန့်ရရှိခြင်းဖြစ်ကြောင်း တောင်သူများကပြောသည်။

ငရုတ်စိုက် တောင်သူ ဒေါ်သက်သက်မော်က "ဒီနှစ်ကမိုးကလည်းခေါင်တယ်လေ။ ရေဝတီမြစ်ရေကလည်း ဒီထိအောင မရောက်တော့ ငရုတ်ကမဖြစ်ဘူး။ အသီးနှုန်းကလည်းနည်းတယ်။ မနှစ်ကမှ ငရုတ်သီးကသုံးခါဆွတ်ရတယ်။ ဒီနှစ်ရေသွင်းရတာနဲ့ မသက်သာတဲ့အပြင် အထွက်နှုန်းက မရဘူး။ မနှစ်ကဆိုရင် သုံးသုတ်ဆွတ်ခူးပြီးတာတောင် အသီးကသီးတုန်း။ အခုနှစ်က ပထမအသီးဆွတ်ပြီး နောက်တစ်ခါဆွတ်ဖို့ သိပ်မကျန်တော့ဘူး"ဟုပြောသည်။ မင်းဘူး(စကု)မြို့နယ်၊ ပေါက်ငူ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးဝင်းက "မနှစ်က မြစ်ရေမရောက်ပေမယ့် ဒီနှစ်လောက် မဆိုးဘူး။ ဒီနှစ်မှာ ပိုဆိုးတာကလည်း မိုးလယ်ကခေါင်ခဲ့ပြီး အခါမဟုတ် မိုးရွာခဲ့တာကြောင့် အပွင့်ကြွေတာ၊ ပိုးကျတာတွေရှိတော့ ငရုတ်သီးအထွက်နှုန်းက သုံးချိုးနှစ်ချိုးလောက် ကျသွားတယ်။ ဆောင်းငရုတ်က ကွန်တော်တို့ ဒီဘက်တစ်ကြောက စိုက်တာများတယ်။ ဒီနှစ်တော့ ငရုတ်စိုက်တောင်သူတိုင်းလိုခံရတယ်"ဟုပြောသည်။ အဆိုပါဒေသ၌ ငရုတ်သီးမှည့်ဆွတ်ခူးချိန်တွင် လုပ်သားရှားပါးမှုနှင့် ကြုံနေရပြီး အခြေခံလူတန်းစားအများစုမှာ ကိုရီးယား၊ မလေးရှား၊ တရုတ်နှင့်ထိုင်းစသည့်နိုင်ငံများသို့ ရွှေ့ပြောင်း လုပ်ကိုင်သူများသဖြင့် လုပ်သားရှားပါးလာခြင်းဖြစ်ကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8700409

## အမျိုးသားရေးမူဝါဒချမှတ်ကာ ဝါသီးနှံကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်

မြန်မာ့ဝါသီးနှံစိုက်ပျိုးမှုတိုးပွားရေးအတွက် အမျိုးသားရေးမူဝါဒချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဇန်နဝါရီလ ၃၀ ရက်နေ့တွင်ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကပြောကြားသည်။ မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးသူများနည်းပါးသွား၍ မြန်မာ့ဝါလုပ်ငန်းဖွံ့ဖြိုးရေးနှင့် မြန်မာချည်ထည်လုပ်ငန်းဖွံ့ဖြိုးရေးအတွက် အမျိုးသားရေးမူဝါဒချမှတ်ဆောင်ရွက်ပေးရန် စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ် ဒုတိယဝန်ကြီးက ယင်းကဲ့သို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (Myanmar Cotton Development Strategy) ကို ရေးဆွဲလျက် ရှိရာ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံမှ မျိုးကောင်းမျိုးသန့်များထုတ်လုပ်၍ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများထံ ရောက်ရှိစေမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ပြည်တွင်း၌အဓိကစိုက်ပျိုးသည့်ဝါမှာ ဝါကြီးနှင့်ချည်မျှည်ရှည်ဝါဖြစ်ပြီး အဓိကချည်အမျိုးအစားတစ်မျိုးဖြစ်သည့် ပင်နီဝါစိုက်ပျိုးမှုနည်းလာကြောင်း မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊

ကိုင်းငယ်လေး ကျေးရွာမှ ဝါနှင့်ယက္ကန်း လုပ်ငန်းလုပ်ကိုင်သူမခါ ကပြောကြားသည်။

လက်ရှိတွင် ဝါစိုက်ဒေသရှိ တောင်သူများသည့်ဈေးကွက်ပေါ်ရာသီးနှံစိုက်ပျိုးရာမှ ချည်ထည်များ ဈေးကွက်ရရှိလာမှုကြောင့် ဝါစိုက်ပျိုးသူများပြားလာကြောင်း၊ သို့ရာတွင်ဝါစိုက်ပျိုးသူများအတွက်နည်းပညာများလည်းလိုအပ်ကြောင်း ချည်ထည်လုပ်ငန်းရှင်များထံမှသိရသည်။

မြန်မာတစ်နိုင်ငံတွင် ဝါစိုက်ဧရိယာ ဧက ငါးသိန်းရှိကာ မကွေးတိုင်းဒေသကြီးတွင် ဧက တစ်ဒသမ ကိုးသိန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဧက တစ်ဒသမ ၈ သိန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧကရှစ်သောင်းအပါအဝင် ပဲခူးတိုင်း၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် နေပြည်တော်တို့တွင်လည်း ဝါစိုက်ပျိုးမှုများရှိကြောင်း ၂၀၁၈-၂၀၁၉ ခုနှစ်စာရင်းများအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနထံမှသိရသည်။

**Source: The Voice Journal**

https://www.facebook.com/LivingColorMediaCoLtd/posts/551351472132802?__tn__=K-R

## မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဩစတြေးလျမှ လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများပါဝင်သော ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများပူးပေါင်း၍ နှစ်နိုင်ငံအကြား FAM Trips များ စီစဉ်ဆောင်ရွက်ရေးဆွေးနွေးနေ



မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဩစတြေးလျနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများ ပါဝင်သော ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ ပူးပေါင်း၍ နှစ်နိုင်ငံအကြား FAM Trips များ စီစဉ်ဆောင်ရွက်ရေး ဆွေးနွေးနေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှသိရသည်။ ဩစတြေးလျနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဖိတ်ခေါ်ခဲ့သည်။

ဇန်နဝါရီ ၂၉ က ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးအုန်မောင်သည် ဩစတြေးလျသံအမတ်ကြီး Mr. Andera Faulkner နှင့်တွေ့ဆုံတွင် ယခုကဲ့သို့ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှသိရသည်။ ယင်းသို့တွေ့ဆုံစဉ် ဩစတြေးလျနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်ရေးဆိုင်ရာများ၊ ဒီဂျစ်တယ်နည်းပညာဖြင့် ခရီးသွားမြှင့်တင်ရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို လွယ်ကူစွာသိရှိသွားလာနိုင်ရေးအတွက် QR Code များ ထားရှိဆောင်ရွက်နေမှု၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်းသိရသည်။ ထို့ပြင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများပါဝင်သော ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နှစ်နိုင်ငံအကြား FAM Trips များ စီစဉ်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ ကာလတိုသင်တန်းများနှင့် ကာလရှည်ပညာသင်ဆု အစီအစဉ်များကို စီစဉ်ပို့ချပေးနိုင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်းသိရသည်။ ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉ ခုနှစ် အကုန်အထိ လုပ်ငန်းပေါင်း ၁၈ ခု လာရောက်ရင်းနှီးမြှုပ်နှံထားသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၅ သန်းကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍ၌ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက် လာသော်လည်း ရက်တိုခရီးဖြင့် တရုတ်ခရီးသွားများသာ ဝင်ရောက်မှုများသဖြင့် ဝင်ငွေရရှိမှု နည်းနေသေး ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ဌာနေကိုယ်စားလှယ်(ယာယီ)ဖြစ်သူ Gevorg Sargsyan က ပြောကြားထားသည်။

"ဝန်ဆောင်မှုအပိုင်းကို ကြည့်မယ်ဆိုရင် ဒီမှာဆိုရင် ဘာကိုရွေးချယ်လိုက်လဲဆိုရင် ခရီးသွားလုပ်ငန်းနဲ့ ချိတ်ဆက်နေတဲ့ ဝန်ဆောင်မှုလုပ်ငန်း၊ အဲမှာဘာတွေ့ရလဲဆိုရင် လာရောက်တဲ့နှုန်းကများပြီး ရာခိုင်နှုန်း ၆၀ လောက် မြင့်တက်လာ တယ်ပေါ့နော်။ မြန်မာနိုင်ငံကိုရောက်ရှိတဲ့ ခရီးသွားပေါ့။ အဲဒီမှာ လာတဲ့နိုင်ငံသားတွေမှာ အာရှက အများဆုံးဖြစ်တယ်။ တရုတ်ကဝင်တဲ့ဧည့်သည်က ရာခိုင်နှုန်း ၂၀ တော်တော်လေး တရုတ်ဧည့်သည်တွေ ဝင်ရောက်တာများတာကို တွေ့ရတယ်။ ရရှိတဲ့နှုန်းမှာကျတော့ သူတို့ကအချိန် ခဏလေးပဲလာတယ်။ ရက်တိုဖြစ်တယ်။ ရက်တိုအတွင်းမှာလည်း ငွေအသုံးပြုမှုကလည်း နည်းတယ်။ အဲဒါကြောင့် ဝင်ငွေရရှိမှုကတော့ မများဘူးဆိုတာတွေ့ရတယ်" ဟု ဖြစ်သူ Gevorg Sargsyan က ပြောကြားသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဆယ်လတာကာလအတွင်း မြန်မာနိုင်ငံတွင်းသို့ တရုတ်ခရီးသွား ဝင်ရောက်မှုသည် ၂၀၁၈ ခုနှစ် ကာလတူဝင်ရောက်မှုထက် သုံးသိန်းခွဲကျော်တိုးတက်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပြန်သော စာရင်းများအရသိရသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလ အထိ တရုတ်ခရီးသွားဝင်ရောက်မှုသည် ၅၉၃၆၅၈ ဦးရေရှိပြီး၂၀၁၈ ခုနှစ် ကာလတူတွင် ၂၂၇၀၄၈ ဦးရေသာ ဝင်ရောက်ခဲ့ရာ နှိုင်းယှဉ်ချက်များအရ ၃၆၆၆၁၀ ဦးရေ တိုးတက်ဝင်ရောက်လာပြီး ယခင်နှစ်ထက် နှစ်ဆနီးပါး ၁၆၁ ရာခိုင်နှုန်း တိုးတက်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/157059

## စက်သုံးဆီနှင့်ဒေါ်လာဈေးများ သုံးလတာအတွင်း အကျဈေးဖြင့်ငြိမ်



**ငွေလဲလှယ်နှုန်းနှင့် စက်သုံးဆီဈေးနှုန်းများ ပြည်တွင်းဈေးကွက်တွင် သုံးလ နီးပါးကာလအတွင်း အကျဈေးဖြင့်ငြိမ်လျက်ရှိသည်။** ကန်ဒေါ်လာ ငွေလဲလှယ်နှုန်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်ဈေးနှုန်းအရ တစ်ဒေါ်လာလျှင် ၁၅၂၂ ဒသမ ၄ ကျပ်ဈေးဖြင့်ရှိနေခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၆၅ ကျပ်ဖြင့် ငြိမ်နေခဲ့သည်။ ယင်းပမာဏသည် သုံးလတာ ကာလအတွင်း တစ်ဒေါ်လာလျှင် ၅၇ ကျပ်ကျော်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဒေါ်လာဈေးနှုန်း ကျဆင်းငြိမ်သက်နေခြင်းသည် ကုန်သွယ်မှုကဏ္ဍတွင် လိုငွေကွာဟချက်နည်းလာခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီး မြှုပ်နှံမှုကို ချိန်ဆလုပ်ကိုင်နေကြခြင်းများကြောင့်ဖြစ်သည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောထားသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကာလ သတ်မှတ်ချက်မကြေညာသေးခြင်းနှင့် စီးပွားရေးမကောင်းမွန်ခြင်းကြောင့် ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ အတွက် စောင့်ကြည့်ကာလအဖြစ်ရှိနေသည်ဟု ၎င်းကပြောသည်။ ပြည်တွင်းလုပ်ငန်းရှင်များ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှု လျော့နည်းနေခြင်းက နိုင်ငံခြားငွေ သုံးစွဲမှုကို လျော့နည်းနေစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်ဟု ၎င်းကပြောသည်။

ကုန်သွယ်မှုကဏ္ဍတွင်မူ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဇန်နဝါရီ ၁၇ ရက်အထိ မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏသည် ကန်ဒေါ်လာ ၄ ဒသမ ၂၈ ဘီလျံ တင်ပို့နိုင်ခဲ့သော်လည်း ယခု ၂၀၁၉-၂၀၂၀ ကာလတူတွင် ကန်ဒေါ်လာ ၅ ဒသမ ၄၃ ဘီလျံအထိ တင်ပို့ထားသည်။ ထို့အတွက် ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေ စီးဝင်မှု ၁ ဒသမ ၁၅ ဘီလျံကျော် ပိုမိုရရှိထားသည်။ သွင်းကုန်ပိုင်းတွင်လည်း ယခင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၅ ဒသမ ၂၉ ဘီလျံ သွင်းယူထားပြီး ယခုဘဏ္ဍာနှစ်တွင် ၅ ဒသမ ၈၅ ဘီလျံ သွင်းယူခဲ့သဖြင့် တင်သွင်း မှုပမာဏ ဒေါ်လာ ၅၆၃ သန်းသာများခဲ့သည်။ အီရန်နှင့် အမေရိကန်တို့၏ တင်းမာနေမှုအခြေ အနေများကြောင့် စိုးရိမ်ဖွယ်ရှိခဲ့သည့် စက်သုံးဆီဈေး နှုန်းများသည်လည်း အကျဘက်သို့သာ ဆက်တိုက်ဦးတည်နေခဲ့သည်။

ဇန်နဝါရီ ၃ ရက် အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုတစ်ရပ်ကြောင့် အီရန် ထိပ်တန်း စစ်ဗိုလ်ချုပ်တစ်ဦး သေဆုံးခဲ့ခြင်းနှင့် အတူ ကမ္ဘာ့ ရေနံစိမ်းဈေးနှုန်းများ အနည်းငယ်မြင့်တက်ခဲ့သည်။

ယင်းအခြေအနေကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းသည် ဇန်နဝါရီ ၃ ရက်တွင် ရေနံစိမ်းတစ်စည်ကို ကန် ၆၃ ဒသမ ဝ၃ ဒေါ်လာမှ ဇန်နဝါရီ ၆ တွင် ကန် ၇၀ ဒသမ၀၂ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ပြည်တွင်း ရန်ကုန်ဈေးကွက်တွင်မူ တစ်လီတာဈေး ၉၂ ဓာတ်ဆီ ၈၉၅ ကျပ်၊ ၉၅ ဓာတ်ဆီ ကျပ် ၉၉၀၊ ၅၀၀ စစာ ရိုးရိုးဒီဇယ် ၉၇၅ ကျပ်နှင့် ၅၀ စစာ ပရီမီယံဒီဇယ် ကျပ် ၉၉၀ ဖြစ်သည်။ ယခု ဇန်နဝါရီ ၂၉ ရက်တွင်ကမ္ဘာ့ရေနံဈေးနှုန်းသည် တစ်စည်ကို ၅၉ ဒသမ ၃၆ ဒေါ်လာအထိ ဈေးကျဆင်းနေခဲ့ သည်။ ပြည်တွင်းဈေးကွက်တွင်မူ ၉၂ ဓာတ်ဆီ ၈၂၅ ကျပ်၊ ၉၅ ဓာတ်ဆီ ကျပ် ၉၃၀၊ ၅၀၀ စစာ ရိုးရိုးဒီဇယ် ကျပ် ၉၂၀ နှင့် ၅၀ စစာ ပရီမီယံဒီဇယ် ကျပ် ၉၃၀ အထိ ဈေးနှုန်းများကျဆင်းခဲ့သည်။ ၎င်းနှုန်းထားများအရ ရက်သတ္တပတ် သုံးပတ်တာအတွင်း ပြည်တွင်းစက်သုံးဆီ အမျိုးအစားအားလုံး၏ တစ်လီတာနှုန်းထားသည် ကျပ် ၆၀ မှ ၇၀ အထိဈေးကျခဲ့သည်။

Source: https://myanmar.mmtimes.com/news/134611.html

## သတ္တုသည် မြန်မာနိုင်ငံပို့ကုန်၏ ၁၂ ရာခိုင်နှုန်းထိရှိကြောင်း အစီရင်ခံစာကဖော်ပြ



ပို့ဆောင်ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ နည်းပါးနေခြင်း၊ တရားမဝင်လုပ်ဆောင်မှုများ အပါအဝင် သတ္တုတူးဖော်ရေးလုပ်ငန်းတွင် အခြားအခက်အခဲများ ဖြစ်ပေါ်နေသော်လည်း သတ္တုသည် မြန်မာနိုင်ငံ ပို့ကုန်၏ ၁၂ ရာခိုင်နှုန်းအထိ ရှိနေကြောင်း မြန်မာနိုင်ငံအကြောင်း ၂၀၂၀ အစီအရင်ခံစာ (The Report: Myanmar 2020) တွင် ဖော်ပြ ထားသည်ဟု Oxford Business Group (OBG)က ထုတ်ပြန် ကြေညာ သည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြဌာန်းလိုက်ခြင်းနှင့်တူးဖော်ခွင့် လိုင်စင်သစ်များ ထုတ်ပေးခဲ့ခြင်းဖြင့် သတ္တုကဏ္ဍမြင့်တင်ရေး တိုးတက်မှုများကိုလည်း မှတ်တမ်းတင်ထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထား သည်။ ယင်းအစီရင်ခံစာ မိတ်ဆက်ပွဲကို ဇန်နဝါရီလ စတုတ္ထပတ်အတွင်းကGetting Ready for the Digital age ပြုလုပ်ခဲ့သည်။ "မြန်မာနိုင်ငံရဲ့ အားသာချက်တွေကြောင့် လာရောက်ရင်းနှီးမြှုပ်နှံဖို့ စောင့်ကြည့်နေသူများ အနေနဲ့ အခြေခံ အဆောက်အအုံကွာဟချက်တွေ၊ အရည်အချင်းမြှင့်တင်ဖို့လိုအပ်နေသေးတဲ့ အလုပ်သမားကိစ္စတွေအပြင် တခြားဖွံ့ဖြိုးဆဲ ဈေးကွက်တွေမှာ ကြုံတွေ့ရလေ့ရှိတဲ့အခက်အခဲတွေကို မလွဲမသွေကြုံရမှာဖြစ်ပါတယ်"ဟု OBG ၏ အယ်ဒီတာချုပ် Oliver Cornock က ပြောသည်။

မူဝါဒဖြေလျှော့ပေးရေးကြိုးပမ်းမှုများနှင့် စီးပွားရေးဆိုင်ရာစည်းမျဉ်းများချမှတ်ရေးတို့အပါအဝင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုး အားကောင်းလာသည့် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး(GDP) နှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ကို အခြေခံထားပြီး မြန်မာနိုင်ငံက စည်းမျဉ်းနှင့်အညီဆောင်ရွက်သော စီးပွားရေးကို ချဲ့ထွင်သွားနိုင်ရန် ကြိုးပမ်းအားထုတ်မှုများရှိခဲ့ကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၉ ခုနှစ် ဥပဒေပြဌာန်းချက်များအနက် အဓိကပြဌာန်းချက်နှစ်ခုဖြစ်သည့် ပြည်ထောင်စု အခွန်အကောက် ဥပဒေနှင့် အခွန်စီမံခန့်ခွဲမှု ဥပဒေများအကြောင်းကိုလည်း ယင်းအစီရင်ခံစာတွင်ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း မြန်မာ့စီးပွားရေးဈေးကွက်ပြိုင်ဆိုင်မှုနှင့်နိုင်ငံခြားသားပိုင်ဆိုင်မှုတို့အကြောင်းကို အစီရင်ခံစာ တွင် အသေးစိတ်ဖော်ပြထားသည့်အပြင် အာမခံလုပ်ငန်းကဏ္ဍ၊ ပြည်ပဘဏ်များကို လက်လီဝန်ဆောင်မှုပေးအပ်လိုက်သည့် အကြောင်းများလည်းပါဝင်သည်။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ၊ အခြေခံအဆောက်အအုံစီမံကိန်းများ၊ စက်မှုဇုန်များအပြင် ပုဂ္ဂလိက အစိုးရအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အစီရင်ခံစာတွင် သုတေသနအဖွဲ့၏ ၁၂ လကျော်ပြုလုပ်ထားသည့် လေ့လာဆန်းစစ်ချက်များပါဝင်ပြီး အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်းနှင့်အခြား ကဏ္ဍ အလိုက် တိုးတက်မှုများအပါအဝင် စီးပွားရေးကဏ္ဍတစ်ခုလုံး၏ ဦးတည်ချက်များနှင့်ဖွံ့ဖြိုးတိုးတက်မှုခန့်မှန်းချက်များ ပါဝင်သည်။ အစီရင်ခံစာကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင် များ အသင်းချုပ်၊ EY နှင့် Kelvin Chia ဥပဒေအကြံပေးကုမ္ပဏီနှင့် OBG တို့က ပူးတွဲထုတ်ပြန်ထားခြင်းဖြစ်သည်။

**Source:** The Voice Journal

https://myanmar.mmtimes.com/news/134615.html

## တရုတ်ဘက် တင်ပို့မရသဖြင့် ဂဏန်းရှာဖွေအသက်မွေးနေသူများ အခက်တွေ့

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်းက ဂဏန်းဒိုင်တွေဟာ တရုတ်ဘက် တင်ပို့လို့မရတော့တာကြောင့် ဇန်နဝါရီ ၂၄ ရက်နေ့က စတင်ပြီး ဝယ်ယူမှုတွေ ရုတ်တရက်ရပ်တန့်လိုက်တဲ့အတွက် ဂဏန်းရှာဖွေပြီးအသက်မွေးနေသူတွေ အခက်ကြုံနေရကြတယ်လို့သိရပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်နေမှုကြောင့် တရုတ်ဘက်က ဝယ်ယူမှုပိတ်လိုက်တာလို့ အောင်ဗလကျေးရွာရှိ ဂဏန်းအဝယ်ဒိုင်မှ မလှသိန်းနုကပြောပါတယ်။ "စစ်တွေက အဝယ်ဒိုင်ကမဝယ်ကြတော့ဘူး။ တရုတ်နိုင်ငံဘက်က မဝယ်တာကြောင့် မူဆယ်အဝယ်ဒိုင်တွေက မဝယ်တာလို့သိရတယ်။ အခုဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဝယ်ယူမှုပိတ်လိုက်တယ်လို့သိရတယ်။ ဘယ်နေ့ပြန်ဝယ်မယ်ဆိုတာမသိပါဘူး။"

မောင်တောမြို့နယ် မြောက်ပိုင်းကျေးရွာတွေဖြစ်တဲ့ သဘော်လှ၊ သာယာကုန်း၊ နံ့သာတောင်၊ ဖားဝပ်ချောင်း၊ အောင်မင်္ဂလာ၊ တရိမ်း၊ မင်းကြီးရွာစတဲ့ ကျေးရွာပေါင်း ၂၀ လောက် ဂဏန်းရှာဖွေပြီး အသက်မွေးဝမ်းကျောင်းပြုနေကြတာပါ။ မောင်တောမြို့နယ်အတွင်း ဂဏန်းအဝယ်ဒိုင်များအားလုံး ပိတ်ထားလိုက်တဲ့အတွက် ဂဏန်းရှာဖွေအသက်မွေးနေကြသူတွေ စားဝတ်နေရေးအခက်အခဲနဲ့ ကြုံနေရတယ်လို့ မောင်တောဈေးပေါ်မှာ ဂဏန်းလာရောင်းတဲ့ မလှသိန်းလှက ပြောပါတယ်။ "အခုဆိုရင် ရတာလေးနဲ့ လုံလောက်စွာစားသောက်နေရပါတယ်။ ငါးထောင်လောက်နဲ့ လုံလောက်အောင်စားနေရပါတယ်။ အခုအဝယ်ဒိုင်တွေပိတ်လိုက်တော ရလာတဲ့ဂဏန်းတွေကို ရောင်းမယ့်နေရာမရှိတော့ဘူး။ နောက်ပိုင်းမိသားစုတွေ စားဝတ်နေရေး အခက်တွေ့လာမှာပါ။"

ဂဏန်းရောင်းသူ ဈေးသည်တဦးကလည်း "အရင်တုန်းကဆိုရင် အဝယ်ဒိုင်တွေမှာသွင်းတော့ တနေ့နှစ်သောင်းလောက်ရတယ်။ မိသားစုစားဝတ်နေရေး ဖူဖူလုံလုံနေထိုင်နိုင်တယ်။ အခုက ရလာတဲ့ဂဏန်းတွေအားလုံးကို ဈေးမှာပဲ ရောင်းနေတယ်။ ရောင်းသူများပြီး ဝယ်တဲ့သူတွေကနည်းတယ်။ ရောင်းမစွံတော့ဘူး" လို့ပြောပါတယ်။ မောင်တောမြို့ပေါ်မှာ ဂဏန်းအဝယ်ဒိုင်ကြီး ၃ ခုရှိပြီး နယ်ကျေးရွာတွေမှာ အဝယ်ဒိုင် ၂၀ လောက်ရှိတယ်လို့သိရပါတယ်။

**Source : DVB**

https://news.ydnp.net/327554/

## သန့်စင်ပြီး စားအုန်းဆီတင်သွင်းမှုအား အိန္ဒိယအစိုးရက ကန့်သတ်လိုက်ခြင်း

မလေးရှားနိုင်ငံဝန်ကြီးချုပ် မဟာသီမိုဟာမက်က အိန္ဒိယအစိုးရ၏ ဂျမူးနှင့်ကက်ရှ်မီးယားပြည်နယ်အား အုပ်ချုပ်ပုံစနစ်ပြောင်းလဲမှုနှင့် နိုင်ငံသားဖြစ်မှုအက်ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းမှုတို့အပေါ် ပြစ်တင်ဝေဖန်ခဲ့သည့်နောက်တွင် အိန္ဒိယအစိုးရသည် သန့်စင်ပြီးစားအုန်းဆီများ ပြည်တွင်းသို့တင်သွင်းခွင့်ပြုသည့်မူဝါဒကို ပြောင်းလဲချမှတ်လိုက်ပါသည်။ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) ၏ ၈.၁.၂၀၂၀ နေ့ထုတ်ပြန်သောအမိန့်ကြော်ငြာစာအမှတ် 39/2015-2020 အရ HS code 151190 အောက်ရှိ အရောင်ချွတ်အနံ့သတ်သန့်စင်ပြီးဖြစ်သည့် စားအုန်းဆီကြမ်းနှင့်စားအုန်းဆီချောများအား အိန္ဒိယနိုင်ငံအတွင်းသို့တင်သွင်းရာတွင် ယခင်က လွတ်လပ်စွာခွင့်ပြုထားရာမှ ယခု ကန့်သတ်ကုန်စည် (Restricted) အဖြစ်သို့ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ယခုပြင်ဆင်သည့် မူဝါဒအရ အိန္ဒိယရှိ သွင်းကုန်လုပ်ငန်းရှင် များအနေဖြင့် သန့်စင်ခြင်းမပြုရသေးသော စားအုန်းဆီကြမ်းများကိုသာ လွတ်လပ်စွာတင်သွင်းနိုင်မည်ဖြစ်ပြီး အိန္ဒိယသို့ သန့်စင်ပြီးစားအုန်းဆီအမြောက်အမြားတင်ပို့လျက်ရှိသည့် မလေးရှားနိုင်ငံအပေါ် ထိခိုက်မှုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ သို့ရာတွင် အခြားတစ်ဘက်၌ သန့်စင်ခြင်းမပြုရသေးသော စားအုန်းဆီကြမ်းများအားတင်ပို့မှုများပြားသည့် အင်ဒိုနီးရှားနိုင်ငံအတွက် အခွင့်အရေးပိုမိုရရှိမည်ဖြစ်သည်။ ကုန်သည်လုပ်ငန်းရှင်များ အသိုင်းအဝိုင်းမှ ပြောဆိုမှုများအရ အိန္ဒိယအစိုးရအနေဖြင့် ပြည်တွင်းရေးကိစ္စအပေါ် မလေးရှားဝန်ကြီးချုပ်၏ ပြစ်တင်ဝေဖန်မှုအား တုံ့ပြန်နိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့ပြီး ဇန်နဝါရီလဆန်းပိုင်း၌ ပြည်တွင်းရှိ သွင်းကုန်လုပ်ငန်းရှင်များအား မလေးရှားနိုင်ငံထံမှ စားအုန်းဆီဝယ်ယူမှုကို ရှောင်ကြဉ်ရန်သွယ်ဝိုက်၍ တွန်းအားပေးခဲ့ကြောင်းသိရှိရသည်။ အခွန်လျှော့ပေါ့ တင်သွင်းခွင့်ပြုထားမှုကြောင့် ယခင်နှစ်ကာလများ၌ သန့်စင်ပြီးစားအုန်းဆီများ ပြည်တွင်းသို့တင်သွင်းမှုမြင့်တက်ခဲ့ရာ ပြည်တွင်းရှိ

ဆီသန့်စင်သည့်လုပ်ငန်းများက ကန့်ကွက်တောင်းဆိုခဲ့ကြပြီး အိန္ဒိယကုန်သွယ်မှုကုစားရေးဦးစီးဌာန (DGTR) က စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရပါသည်။ ယခုအမိန့်ကြော်ငြာစာ ထုတ်ပြန်မှုသည် ပြည်တွင်းကုန်ထုတ် လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများအား ကောင်းစွာအထောက်အပံ့ပြုပြီး အလုပ်အကိုင်အသစ်များဖန်တီးမှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း မွန်ဘိုင်းမြို့အခြေစိုက် အိန္ဒိယစားသုံးဆီထုတ်လုပ်သူများအသင်း (Solvent Extractors' Association) မှ အမှုဆောင်ဒါရိုက်တာ B.V. Mehta က ပြောကြားပါသည်။ အစိုးရ၏ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ရက်ပိုင်းအတွင်း ပြည်တွင်းဈေးကွက်၌ သန့်စင်ခြင်းမပြုရသေးသည့် စားအုန်းဆီကုန်ကြမ်း၊ ဆီကြိတ်ပဲပုတ်စေ့နှင့်မုံညင်းစေ့တို့၏ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်းသိရှိရပါသည်။

Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## ထိုင်းနိုင်ငံအတွင်း မျက်နှာဖုံးများအတွက်ဈေးနှုန်းထိန်းချုပ်မှု

အစိုးရအနေဖြင့် သေစေနိုင်သောဗိုင်းရပ်စ်ဖြစ်ပွားပျံ့နှံ့မှုကာကွယ်ရေးကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် မျက်နှာဖုံးများနှင့် အရက်အခြေပြုလက်သန့်စင်ဆေးများ (Alcohol based hand sanitizer) တို့ကို နိုင်ငံတော်ဈေးနှုန်း ထိန်းချုပ်မှုစာရင်း (State price control list)တွင်ထည့်သွင်းလိုက်ပါသည်။ ယမန်နေ့က ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများအတွက် ဈေးနှုန်း ထိန်းချုပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပခဲ့သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးMr. Jurin Laksanawisit က ကော်မတီအနေဖြင့် မျက်နှာဖုံးများနှင့် အရက်အခြေပြု လက်သန့်စင်ဆေးများကို ဈေးနှုန်းထိန်းချုပ်မှုစာရင်းတွင် ထည့်သွင်းရန်အတည်ပြုပေးခဲ့ပြီး ယနေ့ (၄.၂.၂၀၂၀ ရက်နေ့)တွင် အစိုးရအဖွဲ့သို့ အတည်ပြုရန် တင်ပြမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ဈေးနှုန်းထိန်းချုပ်မှုစာရင်းအရကုန်ပစ္စည်းထုတ်လုပ်သူများ(Manufacturers)၊ကုန်ပစ္စည်းဖြန့်ဝေသူများ (Distributors)၊ ပြည်ပတင်ပို့သူများ()၊ ပြည်ပမှကုန်ပစ္စည်းတင်သွင်းသူများအနေဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် (Production cost)၊ ရောင်းဈေး နှုန်းများ(sale prices)၊ ကုန်ထုတ်လုပ်သည့်ပမာဏ(production volume)၊ ပို့ကုန်တင်ပို့မှုနှင့် သွင်းကုန်တင်သွင်းမှုပမာဏ (export and import volume)နှင့် စတော့များ(stocks) အလားတူ ဈေးနှုန်းကပ်ပြား(price labels)များကို ပြည်တွင်း ကုန်သွယ်ရေးဦးစီးဌာနသို့ အကြောင်းကြားရမည်ဖြစ်ပါသည်။

ပြည်ပသို့ အခုရေ(၅၀၀)ကျော်တင်ပို့သူများအနေဖြင့် ဦးစီးဌာနမှ ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်မည်ဖြစ်ပါသည်။ ပြည်တွင်းဝယ်လိုအားအတွက် လုံလောက်သောပမာဏရှိနေသေးသဖြင့် ပြည်ပပို့ကုန်ပမာဏကန့်သတ်ချက်မလွဲ၍ လက်သန့်စင် ဆေးရည်များကိုလည်း အလားတူအစီအမံများပြုလုပ်သွားမည်ဖြစ်ပါသည်။ ယခုနောက်ဆုံးအစီအမံများသည် ခဏတာမျှသာ ဖြစ်ပြီး ကပ်ရောဂါမပြီးမချင်းဆက်လက်တည်ရှိနေလိမ့်မည်ဟု Mr. Jurin ကပြောကြားခဲ့ပါသည်။ အစားအစာ(Food)၊ လူသုံးကုန်ပစ္စည်းများ(consumer goods)၊ လယ်ယာနှင့်ဆက်စပ်သော ထုတ်ကုန်ပစ္စည်းများ(farm related products)၊ စက္ကူ(paper)၊ ရေနံနှင့်ဆေးဝါးများ(petroleum and medicine) ကဲ့သို့သော နေ့စဉ်အသုံးပြုရန်လိုအပ်သည့်ကုန်ပစ္စည်း (items for daily use) များကို ဈေးနှုန်းထိန်းချုပ်မှု စာရင်းတွင် ထည့်သွင်းထားပါသည်။ အစိုးရ၏ဦးစားပေးစောင့်ကြည့်စာရင်းတွင် ကုန်ပစ္စည်းအမျိုးအမည်(၁၇၀)ရှိပြီး ၎င်းတို့အနက်(၅၂)ခုမှာ ဈေးနှုန်းထိန်းချုပ်မှုစာရင်းတွင်ပါဝင်ပါသည်။

မစ္စတာဂျူရင်က အဆိုပါမျက်နှာဖုံးနှင့်လက်သန့်စင်ဆေး ထုတ်ကုန်ပစ္စည်း(၂)မျိုးအား ဈေးနှုန်းထိန်းချုပ်မှုစာရင်း တွင်ထည့်သွင်းရန်မဖြစ်မနေလိုအပ်ကြောင်း၊ အကြောင်းမှာမျက်နှာဖုံးများ၏ဝယ်လိုအားမှာ ယခင်က တစ်လလျှင် အခုရေ သန်း(၃၀)မှ ဗိုင်းရပ်စ်ဖြစ်ပွားပြီးနောက် တစ်လလျှင် အခုရေ သန်း(၄၀-၅၀)အထိ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် တစ်လလျှင်မျက်နှာဖုံးအခုရေ သန်း(၃၀)ထုတ်လုပ်ပါသည်။ ပြည်တွင်းကုန်သွယ်ရေးဦးစီး ဌာန၏ ညွှန်ကြားရေးမှူးချုပ် Whichi Phochanakij က အစိုးရအနေဖြင့် ဝယ်ယူသူတစ်ဦး မျက်နှာဖုံး(၁၀)ခုသာ ရောင်းချရန် ကန့်သတ်လိမ့်မည်ဖြစ်ကာ ၎င်းမှာ(၁၅)ရက်စာ လုံလောက်သည်ဟု ယူဆကြောင်းပြောကြားခဲ့ပါသည်။ ၎င်းကဈေးနှုန်း ထိန်းချုပ်မှုစာရင်းတွင် ထည့်သွင်းခြင်းခံရသည်နှင့်တစ်ပြိုင်နက် မမျှတသောဈေးနှုန်းဖြင့်ရောင်းချသူများ၊ သိုလှောင်သိမ်းဆည်း ထားသူများကို (၇)နှစ်ထက်မပိုသော ထောင်ဒဏ် (သို့မဟုတ်) ဘတ်ငွေ (၁၄၀,၀၀၀)အထိ ဒဏ်ငွေ(သို့မဟုတ်)ကုန်ပစ္စည်းနှင့်

ဝန်ဆောင်မှုဈေးနှုန်း အက်ဥပဒေ(၁၉၉၉)အရ ပြစ်ဒဏ်(၂)ရပ်လုံးကျခံရလိမ့်မည်ဟုပြောကြားခဲ့ပါသည်။ ယခုကိစ္စရပ်အပေါ် လိုက်နာရန်ပြင်းဆန်သူများအနေဖြင့် ထောင်ဒဏ်(၅)နှစ်၊ ဘတ်ငွေ (၁၀၀,၀၀၀) (သို့မဟုတ်)ပြစ်ဒဏ်နှစ်ခုစလုံးချခံရမည် ဖြစ်ပါသည်။

Source: Bangkok Post

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဗန်ကောက်မြို့

## Thura News Views

**Coronavirus scare hits Myanmar tourism**

The coronavirus outbreak that has infected more than 4000 people in China is driving tourists away from Asia, and Myanmar is no exception. Although no official release has been made that the virus has reached Myanmar, apparently the crisis in its largest neighbor has been enough to ward away visitors from both China and beyond. Tour operators are reporting mass cancellations. One operator interviewed by the Myanmar Times said their clients had dropped as high as 20 percent.

Meanwhile, the Myanmar government appears to be even more nervous than Myanmar's tourists. The Ministry of Health and Sports has requested that all tour operators and airlines report visitors that they suspect of showing signs of the virus, especially from Wuhan, China, where the virus seems to have originated. Additionally, Yangon International Airport and Mandalay International Air-port have suspended all flights from Wuhan until February 29.

Outside Myanmar, several other Asian countries are experiencing a dip in tourism, especially from China. French news agency France 24 observed that the trend resembles the 2002 SARS outbreak, quoting a spokesperson from business research firm Capital Economics: "If they fell by a similar amount again, it would knock around 1.5-2.0 per-centage points from (gross domestic product) in the most vulnerable countries."

Myanmar has relied on China for a recent boom in its tourism industry. Last year, several airlines expanded their fleets and schedules specifically to cater to Chinese visitors. Chinese tourists also made 2019 the most successful year to date for Mandalay tourism. Unfortunately, those high numbers also means a higher chance of the virus spreading to Myanmar.

**Vietnam trade office warns exporters to Myanmar**

Potential exporters should beware of Myanmar, the Vietnam Trade Office in Myanmar has warned.

In a recent statement, it urged those enticed by Myanmar's demand for imported goods to be careful of what it characterized as inefficient, unreliable and unforgiving trade infrastructure. The statement, summarized in English by the Viet Nam News, described a difficult and slow customs process with goods seized and auctioned by authorities if they fail to clear within 60 days. It warned potential investors about the pitfalls of working with Myanmar partners and advised them to carefully review Myanmar trade laws.

The Trade Office's warning did not stop at laws and trade policy. It also argued that demand for high quality Vietnamese goods would be low, as Myanmar's population is still relatively poor and more interested in cheap, low quality products from partners like China.

The warning comes after a decade of increased trade between Myanmar and Vietnam, which has more than quadrupled since 2010 to USD 860 million in 2019, Viet Nam News reported. Prime Minister Nguyen Xuan Phuc

and a high-ranking delegation of Vietnam visited Nay Pyi Taw and Yangon just last December 16, 2019.

Despite its slow and unreliable customs process, exporters from around Asia have been attracted by Myanmar's relatively low barrier of entry for foreign goods. China, Japan and Thailand have all made recent steps to boost trade with Myanmar as well as open manufacturing centers in the country's industrial zones and special economic zones.

However, inefficient and unreliable bureaucracy has always been a thorn in Myanmar's side when it comes to attracting foreign-owned factories. High-end brands from developed countries have been warded away by Myanmar's underdeveloped infrastructure-despite promises from officials to build new roads, power lines and other necessary facilities.

**Myanmar-China trade tops USD 1.3 billion**

Trade between Myanmar and China has reached USD 1.337 billion in the first two months of the fiscal year and the two countries deepen their trade partnership.

The data, which Eleven Media Group obtained from the Ministry of Commerce, shows USD 551 million in imports and USD 785 million in exports to China. The surging trade comes as China continues to develop the so-called China-Myanmar Economic Corridor, which calls for new border trade zones, highway and railway projects and other infrastructure primarily in Myanmar's north. A recent visit from Chinese president Xi Jinping ended in the signing of 33 new trade agreements. China is a main purchaser of Myanmar agricultural goods, especially rice, as well as jade, ore and lumber. The China-Myanmar oil pipeline also carried more than 10 million tons of crude oil from Myanmar to China in 2019. Some critics worry about China's increasing economic leverage over its smaller, weaker neighbor. Ethnic organizations have also expressed concerns about Chinese political influence on Myanmar leaders. China has certainly

shown a desire for stability in northern Myanmar. After last year's outbreak of violence in Shan State endangered cross-border trade, Chinese diplomats met with parties on both sides of the conflict. China does have an interest in satisfying ethnic minority groups in addition to the Myanmar government, as it conducts unknown, but certainly high levels of trade with armed ethnic organizations along its border.

As China expands its Myanmar presence, other Asian countries scramble to catch up. South Korea, Japan and Thai-land have also worked to establish their own investments around Yangon and in the south.

**Singaporean and Norwegian firms latest to invest in Myanmar banking**

Singaporean sovereign wealth firm GIC Pte and Norwegian firm Norfund AS will invest in Yoma Bank, becoming the latest to take advantage of new finance rules that allow foreign firms to buy stakes in Myanmar financial institutions.

GIC will buy 20 percent of Yoma Bank for USD 88.7 million, reported Bloomberg, and Norwegian firm Norfund AS will buy 10 percent. Yoma Bank Chief Executive Officer Dean Cleland told Bloomberg that the upcoming deal would make Yoma "the best capitalized local bank in Myanmar." He said the bank would benefit from the new partners' experience in international investing and familiarity with different business models.

Yoma Bank, founded by famous tycoon Serge Pun, is not Myanmar's largest bank, but it has gained a reputation for its relationships with international investors. Serge Pun himself has earned the nickname "Mr. Clean" because he managed to stay off of international sanctions lists during Myanmar's military era. That reputation is

especially valuable as Myanmar's recent human rights controversies have made other banks unfashionable to Western investors. Another bank, for example, was forced to hire an American law firm after it was accused of financing operations linked to the Myanmar army in Rakhine State. More recently, Western Union announced that it would sever ties to the military-owned Myawaddy Bank.

Asian investors, however, have shown a willingness to take advantage of new rules introduced last year that allow foreign firms to buy into Myanmar banks. In a recent example, Thailand's KBank announced that it has submitted an application to buy 35 percent of Myanmar's Ayeyarwaddy Farmers Development Bank.

**Source: Thura Swiss News (Issue 401 January 30, 2020)**

## STOCK EXCHANGE (31.1.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 31st Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,500 | 11,500 | 11,000 | 1,963 | 21,944,500 | 27,112,747 | 311,797 |
| MTSH | 00002 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 8,625 | 34,500,000 | 38,929,150 | 155,717 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 11 | 92,400 | 10,400,986 | 87,368 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 45 | 1,035,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 533 | 1,519,050 | 12,823,224 | 36,546 |

### Market summary

As of 31st Jan. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 473.44 | +10.66 | +2.30% | 472.68 | 473.44 | 463.54 | 11,177 | 59,090,950 | 5 | 648,285 |

**Index chart**



# Market Overview

As of 1:00 pm, 31st Jan. 2020

| MYANPIX | 473.44 ▲ 10.66 |
|---|---|
| Total Volume (shares) | 11,177 |
| Total Value (MMK) | 59 mil |
| Listed Company | 5 |
| Market Cap. (MMK) | 648,285 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 4,000 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |

TIR